# "မုန်းတီးမှုဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မှု" နှင့်သက်ဆိုင်သော စာမျက်နှာ

UNITED NATIONS HUMAN RIGHTS
OFFICE OF THE HIGH COMMISSIONER

**တရားဝင် ဖွဲ့စည်းမှု -**

ပြည်သူ့ရေးရာ နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၏ အပိုဒ် ၂၀ စာပိုဒ် ၂ တွင် ဖော်ပြထားချက်အရ "ကွဲပြားခြားနားခြင်း၊ ရန်ငြိုးထားမှု၊ သို့တည်းမဟုတ် အကြမ်းဖက်မှုတို့ကို လှုံ့ဆော်စေသည့် အမျိုးသားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ မုန်းတီးမှုများအား ဟောပြောထောက်ခံသည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ဥပဒေက တားမြစ်ထားပေသည်။"

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ -**

- **'မုန်းတီးမှု'** နှင့် **'ရန်ငြိုးထားမှု'** ဟူသည့် ဝေါဟာရများသည် အုပ်စုအဖွဲ့ တစ်စုစုအပေါ် ပစ်မှတ်ထား၍ ပြင်းထန်စွာ အကြောင်းမဲ့ ပြစ်တင်ကဲ့ရဲ့ မှု၊ မလိုမုန်းထားသောစိတ် နှင့် ရွံရှာမုန်းတီးမှု စိတ်ခံစားချက်များတို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။
- **'ဟောပြောထောက်ခံမှု'** ဟူသည့် ဝေါဟာရသည် အုပ်စုအဖွဲ့ တစ်စုစုအပေါ်သို့ ပစ်မှတ်ထား၍ အများလူထု၏ မုန်းတီးမှုများ ပိုမိုတိုးပွားလာစေရန် အလို့ငှာ ရည်ရွယ်လုပ်ဆောင်မှုဟု နားလည်၍ရနိုင်ပေသည်၊ ထို့ပြင်
- **'သွေးထိုးလှုံ့ဆော်မှု'** ဟူသည့် ဝေါဟာရမှာမူ အမျိုးသားရေး သို့မဟုတ် ဘာသာရေး အုပ်စုများအတွင်းမှ ပုဂ္ဂိုလ်များအပေါ် ခွဲခြားဆက်ဆံမှု၊ ရန်ငြိုးထားမှု သို့တည်းမဟုတ် အကြမ်းဖက်မှု အစရှိသည့် အန္တရာယ်များတို့ကို ကျရောက်စေနိုင်သည့် အခြေအနေအား ဖန်တီးပေးနိုင်သော ဖွင့်ဟထွက်ဆိုချက်များတို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။

**သက်ရောက်မှုပြင်းအား စစ်ဆေးမှု -**

လွတ်လပ်စွာ ဖွင့်ဟဖော်ထုတ်ခွင့်နှင့်ပတ်သက်သည့် ကန့်သတ်ချက်အား ဆက်လက်၍ ခြွင်းချက်တစ်ခုအနေဖြင့် ထားရှိရမည်ဖြစ်သောကြောင့်ငှာ ICCPR ၏ အပိုဒ် ၂၀ အတွက် မြင့်မားသော ပြင်းအားသက်ရောက်မှုတစ်ခုအား လိုအပ်ပေသည်။ [Rabat Plan of Action (Rabat လက်တွေ့ဆောင်ရွက်မှုအစီအစဉ်)](A/HRC/22/17/Add.4 ၊ နောက်ဆက်တွဲ) မှ အကြံပြုထားသည်မှာ ဖွင့်ဟထွက်ဆိုချက်တစ်ခုသည် ရာဇဝတ်ပြစ်မှုမြောက်စေရန်အလို့ငှာ အောက်ဖော်ပြပါ သက်ရောက်မှုပြင်းအား စစ်ဆေးမှု၏ အပိုင်း ခြောက်ပိုင်းမှ တစ်ပိုင်းစီဖြင့် ပြည့်မီကိုက်ညီမှုရှိရန် လိုအပ်ပေသည် -

(1) **ဖြစ်စဉ်အခြေအနေ** - တစ်စုံတစ်ရာသော ဖွင့်ဟထွက်ဆိုချက်များသည် အုပ်စုအဖွဲ့ တစ်စုစုအပေါ် ပစ်မှတ်ထား၍ ခွဲခြားဆက်ဆံမှု၊ ရန်ငြိုးထားမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို သွေးထိုးလှုံ့ဆော်နိုင်ခြေ ရှိမရှိ အကဲဖြတ်စစ်ဆေးသည့်အခါတွင် ဖြစ်စဉ်အခြေအနေသည် လွန်စွာ အရေးပါပေသည်၊ ထို့ပြင် ၎င်းသည် ရည်ရွယ်ချက် နှင့်/သို့မဟုတ် ဖြစ်ပွားစေမှုအကြောင်းအရင်း နှစ်မျိုးစလုံးအပေါ် တိုက်ရိုက် ခြေရာခံစပ်ဆက်မှု ရှိကောင်း ရှိနိုင်ပေသည်။ ဖြစ်စဉ် အခြေအနေအား ခွဲခြမ်းစိတ် ဖြာလေ့လာသည့်အခါတွင် ဖွင့်ဟပြောဆိုမှုအား ပြုလုပ်၊ ဖြန့်ဝေခဲ့သည့်အချိန်၌ ပျံ့ နှံ့နေသော လူမှုရေး နှင့် နိုင်ငံရေး ဖြစ်စဉ် အခြေအနေအတွင်း ၎င်းဖွင့်ဟပြောဆိုမှုအား ထည့်သွင်းစဉ်းစားသင့်ပေသည်။

(2) **ဖွင့်ဟပြောဆိုသူ** - ဖွင့်ဟပြောဆိုသူ၏ အနေအထား သို့မဟုတ် လူမှုအဖွဲ့အစည်းအတွင်းမှ ၎င်း၏ အခြေအနေအား ထည့်သွင်းစဉ်းစားမှု ပြုသင့်ပေသည်၊ အထူးသဖြင့် ဦးတည် ဖွင့်ဟပြောဆိုခြင်းခံရသော ပရိသတ်အစုအဝေးအတွင်း တစ်ဦးတစ်ယောက်၏ သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ရပ်တည်မှုအခြေအနေအား ထည့်သွင်းစဉ်းစားသင့်သည်၊

(3) **ရည်ရွယ်ချက်** - ICCPR ၏ အပိုဒ် ၂၀ အနေနှင့် ရည်ရွယ်ချက်နှင့်ပတ်သက်၍လည်း ထည့်သွင်းစဉ်းစား ပြင်ဆင်မှုပြုသင့်ပေသည်။ ICCPR ၏ အပိုဒ် ၂၀ အရ ဤအပိုဒ်သည် အချက်အလက် ဖြန့်ဝေရုံ သို့မဟုတ် ပျံ့ နှံ့လည်ပတ်စေရုံမျှထက်ဆိုင်လျှင် "ဟောပြောထောက်ခံမှု" နှင့် "သွေးထိုးလှုံ့ဆော်မှု" တို့အား အဓိကပြဌာန်းဖော်ပြထားသည်ဖြစ်ရာ လျစ်လျူရှုပေါ့ဆမှု နှင့် မဆင်မခြင်ပြုမူမှုတို့သည် ပြစ်မှုမြောက်စေရန်အတွက် လုံလောက်သော အကြောင်းအရင်းများ မဟုတ်ပေ။ သို့ဖြစ်သည်ဖြစ်ရာ ဖွင့်ဟပြောဆိုမှုတစ်ခုတွင် ပြောဆိုခံရသူ နှင့် ပြောဆိုသူ၊ ထိုနည်းတူ ပရိသတ်အစုအဝေး အစရှိသည်တို့အကြား သုံးပွင့်ဆိုင် ဆက်ဆံရေးတစ်ခု၏ လှုံ့ဆော်မှုအား လိုအပ်ပေသည်၊

(4) **အကြောင်းအရာ နှင့် ပုံစံ** - ဖွင့်ဟပြောဆိုသော အကြောင်းအရာသည် တရားရုံး၏ နှိုင်းယှဉ်ချိန်စမှုလုပ်ငန်းစဉ်များတွင် အဓိကသော့ချက်ကျသော အရာများထဲမှ တစ်ခုပင် ဖြစ်ပြီး၊ သွေးထိုးလှုံ့ဆော်မှု၏ အရေးပါသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ အကြောင်းအရာအား ခွဲခြမ်းစိတ်ဖြာလေ့လာမှု ပြုသည့်အခါတွင် ဖွင့်ဟပြောဆိုမှုတစ်ခု၊ ထိုနည်းတူ ၎င်းဖွင့်ဟပြောဆိုမှုအတွင်း အသုံးပြုသော အငြင်းပွားမှုများ၏ ပုံစံ၊ ဟန်ပန် နှင့် သဘောသဘာဝ၊ သို့တည်းမဟုတ် အသုံးပြုသော အငြင်းပွားမှုများအကြားမှ ဟန်ချက်ညီမျှမှု အစရှိသည်တို့သည် မည်မျှအတိုင်းအတာအထိ နှီးနွှောပေးနိုင်ကြောင်း၊ သက်ရောက်ဦးတည်မှုရှိကြောင်း အစရှိသည်တို့ကိုပါ ထည့်သွင်းလေ့လာသင့်ပေသည်၊

(5) **ပြောဆိုချက်၏ သက်ရောက်မှုအတိုင်းအတာ** - အတိုင်းအတာဟုဆိုရာတွင် ဖွင့်ဟပြောဆိုချက်၏ သက်ရောက်မှုအတိုင်းအတာ၊ ၎င်း၏ လူထု အကြား သဘောသဘာဝ၊ ၎င်း၏ ပမာဏအတိုင်းအတာ နှင့် ၎င်း၏ ပရိသတ်အရွယ်အစား အစရှိသည်တို့ကဲ့သို့သော အစိတ်အပိုင်းများ ပါဝင်ပေသည်။ ထည့်သွင်းစဉ်းစားမှုပြုသင့်သည့် အခြားသော အစိတ်အပိုင်းများမှာမူ အဆိုပါ ဖွင့်ဟပြောဆိုမှုသည် အများပြည်သူလူထုအကြား ဖွင့်ဟပြောဆိုခြင်း ဟုတ်၊မဟုတ်၊ ပျံ့ နှံ့သွားစေရန် အသုံးပြုသော နည်းလမ်းများ၊ ဥပမာအားဖြင့် လက်ကမ်းစာစောင် တစ်စောင်အားဖြင့် သို့မဟုတ် လက်ရှိထုတ်လွှင့်သော မီဒီယာအတွင်း ရုပ်သံလွှင့်ကြေငြာမှု သို့မဟုတ် အင်တာနက် အစရှိသည်တို့မှတဆင့် ပျံ့ နှံ့သွားစေရန် လုပ်ဆောင်မှု၊ ဆက်သွယ်ဆောင်ရွက်မှုများ၏ ကြိမ်နှုန်း၊ အရေအတွက် နှင့် အတိုင်းအတာ၊ လက်ခံသူပရိသတ်များသည် သွေးထိုးလှုံ့ဆော်မှုအား ဆက်လက် ဖြစ်ပွားစေနိုင်သူများ ဟုတ်၊မဟုတ်၊ ဖွင့်ဟပြောဆိုချက် (သို့မဟုတ် လုပ်ဆောင်မှု) သည် အကန့်အသတ်ရှိသော ပတ်ဝန်းကျင်တစ်ခုအတွင်း သို့မဟုတ် အများပြည်သူ ကျယ်ပြန့်စွာ ဝင်ရောက်ရယူနိုင်သော ပတ်ဝန်းကျင်တစ်ခုအတွင်း ပျံ့ နှံ့သွားခြင်း ဟုတ်၊မဟုတ် အစရှိသည့်အချက်များ ပါဝင်ပေသည်၊ ထို့ပြင်

(6) **ဖြစ်အံ့လုဆဲအခြေအနေအပါအဝင် ဖြစ်နိုင်ခြေရှိမှု** - အဓိပ္ပါယ်ဖွင့်ဆိုချက်အရ သွေးထိုးလှုံ့ဆော်မှုသည် အပြည့်အဝ ရုပ်လုံးမပေါ်သေးသော ပြစ်မှုတစ်ခုပင် ဖြစ်သည်။ သွေးထိုးလှုံ့ဆော်သော ပြောဆိုမှုမှ အကြံပြုထောက်ခံသော ဆောင်ရွက်ချက်အား စင်စစ် အဆိုပါ ပြောဆိုမှုသည် ရာဇဝတ်မှုတစ်ခုဖြစ်မြောက်လာစေရန်အထိ ကျူးလွန်ဖို့ မလိုအပ်ပေ။ မည်သို့ပင်ဆိုစေသော်ငြား အန္တရာယ်ဖြစ်နိုင်ခြေ အတိုင်းအတာ တစ်စုံတစ်ရာအထိအား ဖော်ထုတ်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ အဆိုပါသော ဖြစ်ပွားစေမှု အကြောင်းအရင်းသည် တိုက်ရိုက်သက်ရောက်မှု ရှိမရှိ အသိအမှတ်ပြုပြီး၊ အဆိုပါ ပြောဆိုမှုတစ်ခုသည် အုပ်စုအဖွဲ့တစ်စုစုအပေါ် ပစ်မှတ်ထား၍ အမှန်တကယ် သွေးထိုးလှုံ့ဆော်နိုင်ခြင်း ရှိမရှိ ကျိုးကြောင်းသင့်တော်သော ဖြစ်နိုင်ခြေတစ်ခုအား တရားရုံးမှ ဆုံးဖြတ်ပေးရန် လိုအပ်မည် ဖြစ်သည်။

ICCPR အပိုဒ် ၂၀ ၏ သက်ရောက်မှုပြင်းအားသို့ အမှန်တကယ် ပြည့်မီရောက်ရှိသည့်တိုင် ပြစ်မှုကျူးလွန်သူများသည် စင်စစ် တရားစီရင်မှု နှင့် ပြစ်ဒဏ်ပေးမှုတို့ ခံယူရလေ့မရှိကြောင်း Rabat အစီအစဉ်အတွင်း၌ မှတ်ချက်ပြုဖော်ပြထားသည်။ တစ်ချိန်တည်းတွင်ပင် တိကျပြတ်သားမှုမရှိသော ပြည်တွင်း ဥပဒေပြဌာန်းချက်၊ ဥပဒေအတတ်ပညာ နှင့် မူဝါဒများတို့အား အလွဲသုံးစားပြုခြင်းအားဖြင့် အခြားသူများအပေါ် စိတ်ပျက်အားလျော့ ဟန့်တားမှုဖြစ်ပေါ်စေသည့် သက်ရောက်မှုနှင့်အတူ လူနည်းစုအဖွဲ့ဝင်များသည် *တည်ရှိဆဲ အချုပ်အခြာအာဏာအရ* တရားစီရင်မှုကိုခံကြရပေသည်။ နိုင်ငံရေး နှင့် ဘာသာရေး ခေါင်းဆောင်များသည် မုန်းတီးမှုအား လှုံ့ဆော်သည့် စကားလုံး အသုံးပြုမှု တစ်စုံတစ်ရာအား ရှောင်ကြဉ်ထိန်းသိမ်းသင့်ပေသည်၊ ထိုနည်းတူ ၎င်းတို့သည် အမုန်းစကားအပေါ် ဆန့်ကျင်ကြောင်း ခိုင်မာစွာ မဆိုင်းမတွ ထုတ်ပြရန်အတွက်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်ရန် တာဝန်ရှိပေသည်၊ ထို့ပြင် အမုန်းတရားအား လှုံ့ဆော်မှုအပေါ် တုံ့ပြန် ဆောင်ရွက်သည့်အနေနှင့် အကြမ်းဖက်မှုအား လုံးဝသည်းခံမည်မဟုတ်ကြောင်း ရှင်းလင်းပြတ်သားစွာ အသိအမှတ်ပြုသင့်ပေသည် ([18 commitments on " Faith for Rights" ("အခွင့်အရေးများအပေါ် ယုံကြည်မှု" နှင့်ပတ်သက်သည့် ကတိကဝတ်ပြုချက် ၁၈ ချက်)] အား ကြည့်ရှုပါ)။